**ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်**

**ဗဟိုစစ်ဦးစီးဌာနချုပ်**

**ကော်သူးလေ**

၂၀/၇/၂၀၂၂

**ကော်သူးလေတပ်မတော် ဖွဲ့စည်းခြင်းအပေါ် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) ၏ သဘောထားထုတ်ပြန်ရှင်းလင်းချက်**

၁။ ကော်သူးလေတပ်မတော်(Kawthoolei Armed Forces)သည် ၁၉၄၉ခုနှစ်၊ဇန်နဝါရီလ(၃၁)ရက်နေ့တွင် စတင်ခဲ့သည့် ကရင့်တော်လှန်ရေး၏နိုင်ငံရေး၊စစ်ရေးလိုအပ်ချက်အရ ကရင့်လက်နက်ကိုင်အဖွဲ့များအားလုံးကိုပေါင်းစည်းပြီး ၁၉၅၆ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပါသည်။

၂။ ထို့ကြောင့် နှစ်စဉ် ဇူလိုင်လ (၅) ရက်နေ့ရောက်တိုင်း မိမိတို့အနေဖြင့် ကော်သူးလေတပ်မတော်နေ့ကို တရားဝင် နေ့ကြီးရက်မြတ်အဖြစ် ဂုဏ်ပြုကျင်းပကြမြဲဖြစ်သည်။

၃။ ၂၀၂၂ ခုနှစ် ဇူလိုင်လ (၁၉) ရက်နေ့ စောနယ်ဒါးမှ စစ်ဦးစီးချုပ်အဖြစ် လက်မှတ်ရေးထိုးပြီးဖွဲ့စည်းလိုက်သည့် ကီၢ်သူလ့ၤသုးမုၢ်ဒိၣ် (KAW THOO LEI ARMY)သို့မဟုတ် (ကော်သူးလေတပ်မတော်)သည် ကျိုးကြောင်းဆီလျော်မှု မရှိဘဲထွက်ပေါ်လာသည့်အတွက် မိမိတို့ ကရင့်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(KNLA)နှင့် ကရင့်အမျိုးသား ကာကွယ်ရေးအဖွဲ့အစည်း(KNDO) အနေဖြင့် လုံးဝယုံကြည် လက်ခံမှုမပြုနိုင်ပါ။

၄။ ကီၢ်သူလ့ၤသုးမုၢ်ဒိၣ် (KAW THOO LEI ARMY) သို့မဟုတ် (ကော်သူးလေတပ်မတော်)ဖွဲ့စည်းခြင်းသည် KNLA/KNDO ခေါင်းဆောင် တပ်မှူးများ၏အရေးပေါ်အစည်းအဝေးဆုံးဖြတ်ချက်ကိုဆန့်ကျင်ပြီး မိမိတို့တပ်မတော် တွင်း ထင်ယောင်ထင်မှားဖြစ်အောင် တမင်တကာဖန်တီးဖွဲ့စည်းခြင်းသာဖြစ်သည်။ မိမိတို့ (KNLA/KNDO) ၏ သဘောထား လုံးဝမဟုတ်ပါ။

၅။ မိမိတို့ KNU နယ်မြေအတွင်းရှိ ကရင့်လက်နက်ကိုင်အဖွဲ့အစည်းများအားလုံး တစ်ခုတည်းသောတပ်မတော် ဖြစ်ပေါ်နိုင် ရေးအတွက် တပ်မတော်တပ်ဖွဲ့ဝင်များ၏ စစ်ဝတ်စုံရင်ဘတ်အိတ်ဖုံးအပေါ်တွင် (ကီၢ်သူလ့ၤသုးမုၢ်ဒိၣ်) ကော်သူးလေတပ် မတော် တံဆိပ်အမှတ်အသားကို တူညီဝတ်စုံအဖြစ် ဦးစွာတပ်ဆင်သွားရန် ဆုံးဖြတ်ခဲ့ကြခြင်းသာဖြစ်သည်။

၆။ KNU ကရင်အမျိုးသားအစည်းအရုံး၏လမ်းညွှန်ရွေဆောင်မှု KNLA / KNDOခေါင်းဆောင် တပ်မှူး/တပ်ဗိုလ်များ၏ ဆန္ဒသဘောထားမပါရှိဘဲ တစ်စုတစ်ဖွဲ့၊တစ်ဦးတစ်ယောက်၏ဆန္ဒသဘောထားဖြင့်သာ ဖွဲ့စည်းလိုက်သော ယခု (ကီၢ်သူလ့ၤသုးမုၢ်ဒိၣ်)ကော်သူးလေတပ်မတော်ကို (KNLA/KNDO)တပ်မတော်အနေဖြင့် လုံးဝလက်ခံအသိအမှတ်ပြုမည် မဟုတ်ပါ။

၇။ ထို့ကြောင့် ယခုလို ကော်သူးလေတပ်မတော် ဖွဲ့စည်းမှုအပေါ် မိမိတို့ KNLA/KNDO တပ်မှူး/တပ်ဗိုလ်/တပ်သား များအားလုံး သတိကြီးစွာထားပြီး လေးလေးနက်နက်စဉ်းစားဆင်ခြင်နိုင်ကြစေရန်နှင့် ကရင်အမျိုးသားပြည်သူလူထု တစ်ရပ်လုံးမှ ရှင်းရှင်းလင်းလင်းသိရှိနိုင်ရန် အသိပေးရှင်းလင်းထုတ်ပြန်အပ်ပါသည်။

ဆက်သွယ်ရန်–

၁။ (+ 66) 0925278173

ဗဟိုစစ်ဦးစီးဌာနချုပ်

ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်

ကော်သူးလေ